# စစ်အာဏာသိမ်းပြီးနောက်ပိုင်း မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေ အပတ်စဉ်ထုတ်ပြန်ချက်

၂၀၂၁ ခုနှစ် အောက်တိုဘာ ၂၅ ရက်နေ့မှ ၃၁ ရက်နေ့အထိ

**၁၂၂၂+**
သတ်ဖြတ်ခံရ

**၉၄၉၀+**
ဖမ်းဆီးခံခဲ့ရ

**၇၀၁၆+**
ချုပ်နှောင်ခံထားရဆဲ

**၁၉၅၄+**
ဖမ်းဝရမ်းထုတ်ခံရ

လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ)


# အကျဉ်းချုပ်

လူ့အခွင့်အရေးလေ့လာစောင့်ကြည့်ရေးအဖွဲ့ HRW နှင့် Associated Press တို့မှ မြန်မာပြည်မှ အပြစ်မဲ့အရပ်သားပြည်သူများအား ပစ်မှတ်ထားကာ ညှဉ်းပမ်းနှိပ်စက်ခံရသည့်အကြောင်းကို အသေးစိတ်ထုတ်ဖော်ထားသည့် အစီရင်ခံစာကို ထုတ်ပြန်ခဲ့သည်။ ဤနည်းဗျူဟာများသည် အသစ်အဆန်းမဟုတ်သော်လည်း အကြမ်းဖက်စစ်ကောင်စီ၏ လုံးဝတရားမဲ့ ပြုမူဆောင်ရွက်ချက်များကြောင့်နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း (AAPP) တွဲဖက် အတွင်းရေးမှူး ကိုဘိုကြည်မှ “စစ်ကောင်စီသည် နည်းလမ်းပေါင်းစုံဖြင့် ပို၍ ရက်စက်ကြမ်းကြုတ်လာကြောင်း” မှတ်ချက်ပြုခဲ့သည်။ ညှဉ်းပန်းနှိပ်စက်သည့်နည်းများတွင် မျက်ကွယ်သေဒဏ်ချမှတ်ခံထားရခြင်း၊ ရိုက်နှက်ခြင်း နှင့် လျှပ်စစ်ဖြင့် ဓါတ်လိုက်ခြင်း စသည့်နည်းများပါဝင်သည်။ အမျိုးသမီးများသည် စိတ်ပိုင်းဆိုင်ရာနှင့် လိင်ပိုင်းဆိုင်ရာ စော်ကားအကြမ်းဖက်ခံနေရသည်။ အကြမ်းဖက်စစ်ကောင်စီ၏ ဖမ်းဆီးခြင်းကို ခံခဲ့ရသော လိင်စိတ်ခံယူမှုကွဲပြားသူ LGBT စာရေးဆရာမတစ်ဦးသည် စစ်ကြောရေးတွင် လိင်ပိုင်းဆိုင်ရာ စော်ကားအကြမ်းဖက်ခံခဲ့ရကာ သေနတ်ဒင်ဖြင့်ရိုက်နှက်ခံခဲ့ရသည်။ သူမတစ်ကိုယ်လုံးကို ရေနွေးပူဖြင့် လောင်းချခံခဲ့ရသည်။ အသက်ရှင်ကျန်ရစ်သူများထံမှ ဤမှတ်တမ်းများသည် စစ်ကြောရေးစခန်းများ၏ နံရံများအတွင်း၌တည်ရှိနေသည့် ကြောက်မက်ဖွယ်ကောင်းသော ပုံရိပ်များဖြစ်သည်။ အရေးယူရန်လည်း သူတို့တောင်းဆိုခဲ့သည်။ တော်တော်များများသည် သူတို့ချုပ်နှောင်ခံထားရသည့်ထောင်နံရံမှ မလွတ်မြောက်နိုင်ခဲ့ပါ။ သူတို့သည်သေသည်အထိ ညှဉ်းပမ်းနှိပ်စက်ခံခဲ့ရပြီး စစ်ကောင်စီသည် မိသားစုဝင်များကို ရုပ်အလောင်းပြန်မပေးခဲ့ပါ။

အရှေ့တောင်အာရှနိုင်ငံများအသင်း ASEAN သည် အာဏာသိမ်းခေါင်းဆောင်မပါဝင်ဘဲ ၃ ရက်တာ အာဆီယံထိပ်သီးအစည်းအဝေးကို ကျင်းပခဲ့သည်။ အမျိုးသားညီညွတ်ရေးအစိုးရ NUG အား တရားဝင် အစိုးရအဖြစ် အသိအမှတ်ပြုပြီးနောက် ယုတ္တိကျသော ခြေလှမ်းကို လှမ်းရန် အာဆီယံအား အရပ်ဘက်အဖွဲ့အစည်းများမှ တိုက်တွန်းထားသည်။ အာဏာသိမ်းခေါင်းဆောင်အား အစည်းအဝေးတက်ရောက်ခွင့်ကို ပိတ်ပင်ထားသော်လည်း ASEAN သည် အာဏာသိမ်းခေါင်းဆောင်နှင့်တွေ့ဆုံကာ ၎င်းတို့ဘက် ရပ်တည်နေဆဲဖြစ်သည်။ NUG အစိုးရ၏ အာဆီယံဆိုင်ရာ သံတမန် ဦးဘိုလှတင့်မှ မြန်မာနိုင်ငံဒီမိုကရေစီပြန်လည်ရရှိရေးအတွက် တွေ့ဆုံဆွေးနွေးရန် ဆန္ဒရှိကြောင်း ပြောကြားခဲ့သည်။

စစ်ကောင်စီ၏ ပူးပေါင်းဆောင်ရွက်မှု မရှိခြင်းနှင့် လူ့အခွင့်အရေး ချိုးဖောက်မှုများ ကျူးလွန်နေခြင်းကြောင့် စိုးရိမ်စရာအခြေအနေတစ်ခု ဖြစ်နေသည်။ ပြည်တွင်း စစ်များ နက်ရှိုင်းစွာတိုးလာနေသောကြောင့် နိုင်ငံတကာအသိုင်းအဝိုင်းမှ မြန်မာနိုင်ငံအပေါ် လက်မလျော့ရန် မျှော်လင့်ကြောင်း ကုလသမဂ္ဂ အထူးကိုယ်စားလှယ်ဟောင်း Christine Schraner Burgener မှ ပြောကြားခဲ့သည်။ တွေ့ဆုံဆွေးနွေးရေးအတွက် မြန်မာနိုင်ငံထဲသို့ ဝင်ရောက်ရန် အကြိမ်ကြိမ်ကြိုးစားခဲ့သော်လည်း စစ်ကောင်စီမှ သူမအား ပြည်ဝင်ခွင့်ပိတ်ပင်ခဲ့သည်။ Christine Schraner Burgener ၏နေရာကိုအစားထိုးဝင်ရောက်မည့်သူမှာ 2010 ခုနှစ် နာဂစ် မုန်တိုင်း အရေးပေါ်တုံ့ပြန်ရေး၊ ညှိနှိုင်းရေး အပါအဝင် မြန်မာနိုင်ငံတွင် အလုပ်အတွေ့အကြုံ ရှိသူ No-eleen Heyzer ဖြစ်သည်။ စိန်ခေါ်မှုများစွာရှိသော်လည်း လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် စစ်ကောင်စီကို အဆုံးသတ်ရေးအတွက် သူမနှင့်လက်တွဲလုပ်ဆောင်ရန် စိတ်အားထက်သန်နေသော NUG နှင့် အရပ်ဘက် လူ့အဖွဲ့အစည်းများမှ သူမအား ကြိုဆိုလျှက် ရှိသည်။

# တိုင်းရင်းသားဒေသများရှိ ပဋိပက္ခများ



## ချင်းပြည်နယ်

စက်တင်ဘာလကတည်းမှ စတင်၍ ချင်းပြည်နယ်တွင် အကြမ်းဖက်စစ်ဆင်ရေးများ တိုးချဲ့လာပြီး စစ်ကောင်စီကြောင့် အရပ်သားပြည်သူတို့၏ နေအိမ် ၆၀ ကျော် မီးလောင်ကျွမ်းခဲ့ရသည်။ ရွာများကိုမီးတင်ရှို့မှုအပြင် အိမ်မွေးတိရိစ္ဆာန်များနှင့် ပစ္စည်းဥစ္စာများလည်း လုယူဖျက်ဆီးခြင်းခံခဲ့ရသည်။ မြန်မာစစ်တပ်သည် မီးတင်ရှို့မှုနှင့် ခိုးယူလုယက်မှုများအားလုံးကို ငြင်းဆိုထားပြီး ဒေသခံများမှ ၎င်းတို့၏နေအိမ်များကို မီးရှို့ခြင်းသာဖြစ်သည်ဟု စွပ်စွဲပြောဆိုထားသည်။ ဩဂုတ်လမှစတင်၍ နေအိမ် ၃၀၀ ကျော်ကိုမီးရှို့ခြင်းအပါဝင် စစ်ကောင်စီကျူးလွန်ခဲ့သော ရာဇဝတ်မှုများသည် နိုင်ငံတကာဥပဒေကို ချိုးဖောက်ရာရောက်ကြောင်း  ချင်းလူ့အခွင့်အရေးအဖွဲ့ (CHRO)မှထုတ်ပြန်ခဲ့သည်။

တစ်ချိန်တည်းမှာပင် ချင်းပြည်နယ်တွင် အကြမ်းဖက်ဖြိုခွဲမှုများ ပြင်းထန်လာနေသည်။ ချင်းပြည်နယ်တွင် လူဦးရေ ၉၀% ကျော်သည် ခရစ်ယာန်များဖြစ်ကြပြီး စစ်ကောင်စီသည် ဘုရားကျောင်းများကို မီးရှို့ခြင်းနှင့် လက်နက်ကြီးများပစ်ခတ်ခြင်းဖြင့် လူထုကို စိတ်ဒဏ်ရာပေးနေသည်။ ဖလန်းတွင် ချင်းအမျိုးသားတပ်ဦး (CNF)နှင့် အကြမ်းဖက်စစ်တပ်ကြား တိုက်ပွဲများကြောင့် အခြေအနေများ မဆိုးဝါးလာမီ ဒေသခံများ စတင်ထွက်ပြေးတိမ်းရှောင်ခဲ့သည်။ အောက်တိုဘာလ ၂၉ ရက်နေ့ ည ၇ နာရီအချိန်ခန့်တွင် ထန်တလန်မြို့ရှိ ဘာသာရေး အဆောက်အဦးများအပါအဝင် အိမ်ခြေ ၁၀၀ ကျော်မီးရှို့ ဖျက်ဆီးခံခဲ့ရသည်။ ဖလန်းတွင် စစ်ကောင်စီတပ်၏ စစ်အင်အားဖြည့်တင်းမှုကြောင့် အရေးပေါ်အစည်းအဝေးခေါ်ယူရန် ကုလသမဂ္ဂလုံခြုံရေးကောင်စီကို CHRO မှ တောင်းဆိုခဲ့သည်။

## ရှမ်းပြည်နယ်

စစ်ကောင်စီသည် အရပ်သားပြည်သူများကို ဆက်လက်အကြမ်းဖက်တိုက်ခိုက်ခြင်းအားဖြင့် ပြည်သူတို့၏ အခြေခံလွတ်လပ်ခွင့်များကိုချိုးဖောက်နေသည်။ ရှမ်းပြည်နယ်မြောက်ပိုင်း ပန်ဆိုင်းဒေသတွင်တိုက်ပွဲအတွင်းပစ်ခတ်မှုကြောင့် ဒေသခံအမျိုးသမီးတစ်ဦးသည် ကျည်ထိမှန်ကာ ပြင်းထန်စွာဒဏ်ရာရခဲ့ပြီး စိုးရိမ်ရသောအခြေအနေတွင် ရှိနေသည်။ လက်နက်ကိုင်အချင်းချင်းကြားနှင့် မြန်မာစစ်တပ်ကြား တိုက်ပွဲများပုံမှန်ဖြစ်ပွားနေသည်။ ကျောက်မဲတွင်ဖြစ်ပွားခဲ့သော တိုက်ပွဲကြောင့် အသက် ၆၀အရွယ်အမျိုးသားတစ်ဦးနှင့် ၎င်း၏ မြေးဖြစ်သူ ၁၈ နှစ်အရွယ်လူငယ်တစ်ဦး လက်နက်ကြီးကျည်ထိမှန်၍ ထိခိုက်ဒဏ်ရာရခဲ့သည်။

အကြမ်းဖက်စစ်ကောင်စီသည် တရားဝင်ဖြစ်ရေးအတွက် ရှမ်းပြည်နယ်အရှေ့ပိုင်းတွင်  တပ်မတော်ထောက်ခံပွဲသို့ တက်ရောက်ရန် အရပ်သားများကို ဖိအားပေးခဲ့သည်။ တပ်မတော်ထောက်ခံပွဲသို့ တက်ရောက်သူတစ်ဦးလျှင် ၅၀၀၀ ကျပ်ရရှိခဲ့သည်။

## ကရင်ပြည်နယ်

ယခုလအစောပိုင်းတွင် သံလွင်မြစ်ကမ်းနားဘေးရှိ စစ်တပ်မှ အရာရှိနှင့်စစ်သားများသည် ကရင်ပြည်နယ်တွင်းရှိ စစ်ဘေးရှောင်များအတွက် အရေးပေါ်ကာကွယ်ရေးပစ္စည်းများကို သယ်ဆောင်လာသော ကုန်တင်ရေယာဉ်တစ်စီးကို တိုက်ခိုက်လုယူခဲ့သည်။ ပရမ်းပတာ ရမ်းသမ်းပစ်ခတ်သံများကိုလည်း ကြားနေရသည်။ ဤအတောအတွင်း ကရင်ပြည်နယ်အတွင်း စစ်အင်အားအလုံး အရင်းတိုးချဲ့ဖြည့်တင်းမှုကြောင့် ကြောက်ရွံ့နေသော ဒေသခံအရပ်သားများကို အကြမ်းဖက်စစ်ကောင်စီမှ ဆက်လက်ထိုးစစ်ဆင် တိုက်ခိုက်နေသည်။

အကြမ်းဖက်စစ်ကောင်စီသည် ကရင်ကျေးရွာသားများ ကို လူသားဒိုင်းအဖြစ် ဆက်လက်အသုံးပြုနေပြီး ထွက်ပြေးရန်ကြိုးစားပါက ရွာများကို မီးရှို့ပစ်မည်ဟု ခြိမ်းခြောက်ခဲ့သည်။ ရွာသစ်ကျေးရွာတွင်ခမရ ၅၅၆ နှင့် ၅၆၀ မှ စစ်တပ်အင်းအား ၆၀ ခန့်သည် တပ်စွဲထားသည် ။ အကြမ်းဖက်စစ်တပ်သည် နေ့ရောညပါ ပရမ်းပတာပစ်ခတ်နေပြီး ဒေသခံတို့၏ အိမ်မွေးတိရိစ္ဆာန်များကိုလည်း စားသုံးရန် ခိုးယူခဲ့ သည်။ ထိုင်း-မြန်မာနယ်စပ်တစ်လျှောက်တွင် လက်ရှိဖြစ်ပေါ်နေသော အခြေအနေများကြောင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများနှင့် ကိုဗစ်-၁၉ ကူးစက်ရောဂါအတွက် အထောက် အပံ့များကို နယ်စပ်ဖြတ်ကျော်ခွင့်ပေးရန် ထိုင်းအစိုးရကို  အမျိုးသားညီညွတ်ရေးအစိုးရ (NUG)မှ တောင်းဆိုခဲ့သည်။

*“အခုအခြေအနေက ၂၀၀၈ ခုနှစ် နဲ့ မတူပေမယ့် အာဆီယံနဲ ကုလသမဂ္ဂဟာ မြန်မာနိုင်ငံပေါ်ထားရှိတဲ့ စေတနာနဲ့ စိတ်ပါဝင်စားမှုတွေ ဆက်ထားပြီး ညှိနှိုင်းဆောင်ရွက်သွားရလိမ့်မယ်”*



*မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်အဖြစ် ခန့်အပ်ခံရသော မစ္စ နိုလင်းဟေဇာကို တွေ့ရစဉ်*

*Source: RFA*

# နေ့စဉ်အလိုက် ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်များ

## အောက်တိုဘာ ၂၅ ရက်နေ့

အမျိုးသမီးတစ်ဦးသည် သူမ၏ ခဲအိုကိုဖမ်းဆီးရန်လာသော အကြမ်းဖက်လုံခြုံရေးတပ်၏ ပစ်သတ်ခြင်းကိုခံခဲ့ရသည်။

## အောက်တိုဘာ ၂၆ ရက်နေ့

အာဆီယံအနေဖြင့် စစ်ကောင်စီကို ဆက်လက်ပိတ်ပင်ရမည်ဟု ကုလသမဂ္ဂ၏ လွတ်လပ်သော နိုင်ငံတကာ အချက်အလက်ရှာဖွေရေးမစ်ရှင် ဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေးကောင်စီ အဖွဲ့ဝင် Marzuki Darusman မှ ပြောကြားခဲ့သည်။

## အောက်တိုဘာ ၂၇ ရက်နေ့

နိုင်ငံရေးတက်ကြွလှုပ်ရှားသူ ကိုဂျင်မီသည် အကြမ်းဖက် စစ်အုပ်စုမှ ဝင်ရောက်စီးနင်းစဉ် ပြင်းထန်ဒဏ်ရာရရှိခဲ့သည့်အတွက် စစ်ဆေးရုံ၏အထူး ကြပ်မတ်ဆောင်တွင် ပို့ဆောင်ထားခံရပြီး စိုးရိမ်ရသည့် အခြေအနေတွင်ရှိနေသည်။

## အောက်တိုဘာ ၂၈ ရက်နေ့

မြန်မာစစ်အစိုးရမှ ပြည်ဝင်ခွင့်ပိတ်ပင်ခံထားရသော Christine Schraner Burgener နေရာတွင် မြန်မာနိုင်ငံဆိုင်ရာ ကုလသံတမန်သစ်အနေဖြင့် Noeleen Hezar ကို အစားထိုးခဲ့သည်။

# နေ့စဉ်အလိုက် ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်များ

## အောက်တိုဘာ ၂၉ ရက်နေ့

NLD ပါတီ၏ နာယကကြီး ဦးဝင်းထိန်အား ရာဇသတ်ကြီးပုဒ်မ ၁၂၄ (က) စွဲချက်ဖြင့် ထောင်ဒဏ် အနှစ် ၂၀ ချမှတ်ခဲ့သည်။

## အောက်တိုဘာ ၃၀ ရက်နေ့

ထန်တလန်နှစ်ခြင်းဘုရားကျောင်းအနီးရှိ အဆောက်အဦးကို အကြမ်းဖက်စစ်တပ်မှ မီးရှို့ခဲ့သည့် ဗီဒီယိုသက်သေရထားသည်ဟု ချင်းလူ့အခွင့်အရေးအဖွဲ့ (CHRO)မှ ပြောကြားခဲ့သည်။

## အောက်တိုဘာ ၃၁ ရက်နေ့

ချင်းပြည်နယ်မှချိုးဖောက်ခံရမှုများနှင့်ပတ်သက်၍ အလွန်အမင်းစိုးရိမ်ကြောင်း အမေရိကန်မှ ထုတ်ပြန်ခဲ့သည်။




လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ)

https://nd-burma.org/

https://twitter.com/NDBurma/

https://facebook.com/theNDBurma